ယခုအခါ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ပြင်ပစားသောက်ကုန် ဝန်ဆောင်မှုလုပ်ငန်း၏ အထူးကျွမ်းကျင်လုပ်သား အဆင့် 1စာမေးပွဲ ကို ပြည်တွင်းပြည်ပ နှစ်ခုလုံးတွင် ရပ်ဆိုင်းထားရန် ညွှန်ကြားချက် ထုတ်ပြန်ထားသောကြောင့် စာမေးပွဲပြန်လည်ကျင်းပရန် ညွှန်ကြားချက်မရရှိမချင်း အဆိုပါစာမေးပွဲအတွက် ရက်ချိန်းယူခြင်းလုပ်ငန်းစဉ်များကို ရပ်ဆိုင်းထားမည်ဖြစ်ပါသည်။

ထို့အပြင် ပြင်ပစားသောက်ကုန်ဝန်ဆောင်မှုလုပ်ငန်းအထူးကျွမ်းကျင်လုပ်သားအဆင့် 2 နှင့် စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်း အထူးကျွမ်းကျင်လုပ်သားအဆင့် 1 နှင့် 2 စာမေးပွဲများကိုမူ သတ်မှတ်ထားသည့်အတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုရန် လိုအပ်သည့် လုပ်ငန်းစဉ်များကို ပုံမှန်အတိုင်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဤကဲ့သို့ စာမေးပွဲရပ်ဆိုင်းရန်ညွှန်ကြားရခြင်းမှာ ပြင်ပစားသောက်ကုန်ဝန်ဆောင်မှု လုပ်ငန်းအထူးကျွမ်းကျင်လုပ်သားအဆင့် 1 နှင့်နေထိုင်သူအရေအတွက်သည် ဂျပန်အစိုးရမှ သတ်မှတ်ထားသော 5နှစ်တာကာလ (2024ဘဏ္ဍာရေးနှစ်မှ 2028ဘဏ္ဍာရေးနှစ်အထိ) အတွင်း လက်ခံမည့် အမြင့်ဆုံးအရေအတွက် (၅၀,၀၀၀ ဦး) ကို ကျော်လွန်တော့မည်ဟု ခန့်မှန်းရသောကြောင့်(※)၊ စာမေးပွဲကျင်းပခြင်းကို ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။ စာမေးပွဲပြန်လည်ကျင်းပမည့် အချိန်အတိအကျကို စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားခြင်း မရှိသေးပါ။

※ အသေးစိတ်အချက်အလက်များကို စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ဝဘ်ဆိုဒ်

နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်စီမံခန့်ခွဲမှုဦးစီးဌာနတို့၏ ဝဘ်ဆိုဒ်များတွင် ကြည့်ရှုနိုင်ပါသည်။

စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်:

ပြင်ပစားသောက်ကုန်ဝန်ဆောင်မှုကဏ္ဍတွင် နိုင်ငံခြားသားလုပ်သားများ လက်ခံဆောင်ရွက်မှုနှင့်

ပတ်သက်၍ - စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်စီမံခန့်ခွဲမှုဦးစီးဌာန၏ ထုတ်ပြန်ချက်:

အထူးကျွမ်းကျင်လုပ်သား 「ပြင်ပစားသောက်ကုန်ဝန်ဆောင်မှုကဏ္ဍ」 တွင်

အလုပ်သမားလက်ခံမည့် အမြင့်ဆုံးအရေအတွက် သတ်မှတ်ချက်အား ကျင့်သုံးဆောင်ရွက်မှုနှင့်

ပတ်သက်၍ - လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်စီမံခန့်ခွဲမှုဦးစီးဌာန

ဤစာမေးပွဲရပ်ဆိုင်းမှု မူဝါဒနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက

စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ပြင်ပစားသောက်ကုန်နှင့်

စားသောက်ကုန်ယဉ်ကျေးမှုဌာန၏ စုံစမ်းမေးမြန်းရန် Form ကို အသုံးပြုပေးပါရန်။ (လင့်ခ်)

စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ 【စုံစမ်းမေးမြန်းရန် Form】